ဆောင်းဦး
2026



DeKalb County
School District

# ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက်

*ညှိနှိုင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ အတွဲ #1*






# အစည်းအဝေး အစီအစဉ်

- ယခု ကျွန်ုပ်တို့ ရောက်ရှိနေသည့်နေရာ
- ဘုတ်အဖွဲ့ မူဝါဒ AD
- အသစ် တိုးချဲ့ထားသည့် စာသင်ကျောင်းများ
- စာရင်းသွင်းအပ်နှံမှုများအား ဟန်ချက်ထိန်းညှိခြင်း
- အချိန်မျဉ်းလိုင်း နှင့် မျှော်လင့်ထားရမည့်အရာများ
- တုံ့ပြန်မှတ်ချက်များပေးရန် နည်းလမ်း
- ထပ်ဆောင်း အချက်အလက်

# ယခု ကျွန်ုပ်တို့ ရောက်ရှိနေသည့်နေရာ

## စာရင်းသွင်းအပ်နှံမှု ပြဿနာ

- ခရိုင်တစ်ဝှမ်း စာရင်းသွင်း ကျောင်းအပ်နှံမှုများသည် အလုံးစုံခြုံကြည့်လျှင် ကျဆင်းသွားခဲ့သည် (2015 မှ 2025 အတွင်း ကျောင်းသားဦးရေ -11,000)
- အချို့သော နယ်မြေများတွင်မူ ကျောင်းသားဦးရေ ကြပ်သိပ်ခြင်းများ ဆက်လက်ဖြစ်ပေါ်လျက် ရှိသည် (Chamblee ၊ Cross Keys ၊ Dunwoody ၊ Lakeside)
- ခရိုင်တစ်ဝှမ်းတွင် ထိုင်ခုံနေရာ 20,000 ခန့်အား အသုံးမပြုရဘဲ လစ်ဟာရလျက်ရှိသည် (ထိုင်ခုံနေရာ ~110K တွင် ကျောင်းသားပေါင်း ~90K)
- ကျောင်းခရိုင်၏ အဆောက်အအုံများ၊ နယ်နိမိတ်များ နှင့် အစီအစဉ်များတို့နှင့်စပ်လျဉ်း၍ဖြစ်ပေါ်သော အရေးကြီးသည့် ပြဿနာကိစ္စရပ်များ၊ ဥပမာဆိုရလျှင် လူကြပ်လျက်ရှိခြင်း၊ စာရင်းသွင်းအပ်နှံမှုအရွေ့အတွက် သတ်မှတ်ပမာဏအောက် လျော့ကျခြင်း၊ ဝန်ဆောင်မှုအဆောက်အအုံများ သက်တမ်းရလာခြင်း၊ ထို့အတူ မဂ္ဂနက်အစီအစဉ်နှင့် တက်ရောက်မှုမရှိသော ဒေသဆိုင်ရာ အစီအစဉ် ခွဲဝေမှုများ တစ်သမတ်တည်းမရှိခြင်း အစရှိသည်တို့အား ဖြေရှင်းရန်ငှာ 2024 တွင် SAP အား စတင်မိတ်ဆက် အစပြုခဲ့ပေသည်။

DCSD စာရင်းသွင်းအပ်နှံမှု နှင့် ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်းဆိုင်ရာ နောက်ခံသမိုင်း



# ယခု ကျွန်ုပ်တို့ ရောက်ရှိနေသည့်နေရာ

## ဆောင်းဦး 2024

ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက်သည် ကျောင်းခရိုင်၏ အဆောက်အအုံများ၊ နယ်နိမိတ်များ နှင့် အစီအစဉ်များတို့နှင့်စပ်လျဉ်း၍ဖြစ်ပေါ်သော အရေးကြီးသည့် ပြဿနာကိစ္စရပ်များ၊ ဉပမာဆိုရလျှင် လူကြပ်လျှက်ရှိခြင်း၊ စာရင်းသွင်းအပ်နှံမှုအရေအတွက် သတ်မှတ်ပမာဏအောက် လျော့ကျခြင်း၊ ဝန်ဆောင်မှုအဆောက်အအုံများ သက်တမ်းရလာခြင်း၊ နှင့် မဂ္ဂနက်အစီအစဉ်နှင့် တက်ရောက်မှုမရှိသော ဧရိယာဆိုင်ရာ အစီအစဉ် ခွဲဝေမှုများ တစ်သမတ်တည်းမရှိခြင်း အစရှိသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ရပ်ရွာအဖွဲ့အစည်း အဖွဲ့ဝင်များ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိစေရန်ဌာ ကြိုးပမ်းအားထုတ်မှုတစ်ခုအနေဖြင့် အစပြုခဲ့သော စီမံချက်တစ်ခု ဖြစ်ပေသည်။

## ဆောင်းဦး 2025

ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက်သည် ဤဖော်ပြပါ ပြဿနာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကျောင်းခရိုင်၏ ဖြေရှင်းမှုနည်းလမ်းအား ပြန်လည်သုံးသပ်ဆင်ခြင်ကာ ကောင်းမွန်အောင်ပြုပြင်ဆောင်ရွက်ဖို့ရန် အဓိကအာရုံပြုခြင်းဖြင့် အစပြုထားခြင်း ဖြစ်သည်။

## နွေဦး 2026

အများပြည်သူလူထုထံမှ မှတ်ချက်များနှင့် တုံ့ပြန်ချက်များ ရရှိရန်အတွက်ဌာ အခင်းအကျင်းအမျိုးမျိုးဖြင့် တင်ဆက်ပြသခဲ့သည်။

## နွေရာသီ 2026

ဝန်ထမ်းများနှင့် ခေါင်းဆောင်မှုအပိုင်းမှ လူကြီးများ တွေ့ဆုံကာ ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက်အား မည်သို့ ရှေ့တိုးဆောင်ရွက်၍ စာရင်းသွင်းအပ်နှံမှုအား ပြန်လည်ဟန်ချက်ထိန်းသိမ်းသင့်ကြောင်း စီစဉ်ရေးဆွဲခဲ့ကြသည်။

## ဆောင်းဦး 2026

ကျောင်းသားခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက်သည် Chamblee၊ Cross Keys၊ Druid Hills၊ Dunwoody၊ Lakeside နှင့် Tucker အုပ်စုအဖွဲ့များတွင် လူကြပ်သိပ်လျှက်ရှိခြင်းနှင့် ဆောင်းဦး 2027-2029 ၌ ကျောင်းအသစ်များ တို့၏ဖွင့်လှစ်လိုက်သည့်အတွက်ကြောင့်ဌာ ကျောင်းတက်ရောက်မှုဧရိယာများ ပြန်လည်ချိန်ညှိသတ်မှတ်ရနိုင်ခြေရှိခြင်း အစရှိသည့် ကိစ္စရပ်များအပေါ် အဓိကအာရုံပြုဆောင်ရွက်ခြင်းဖြင့် ပြန်လည် အစပြုခဲ့ပေသည်။ *ဘုတ်အဖွဲ့မူဝါဒ AD*

## နွေဦး 2027

အုပ်စုလိုက်အဆင့် ညှိနှိုင်းပါဝင်ဆောင်ရွက်မှုသည် စာရင်းသွင်းအပ်နှံမှုနှုန်း သတ်မှတ်ပမာဏအောက် ကျဆင်းနေသော အုပ်စုအဖွဲ့များတွင် စတင်မည်ဖြစ်ပြီး၊ ၎င်းတွင် Cedar Grove၊ Columbia၊ Martin Luther King, Jr.၊ McNair, Miller Grove နှင့် Towers အုပ်စုအဖွဲ့များ ပါဝင်မည် ဖြစ်သည်။

# ဘုတ်အဖွဲ့မူဝါဒ AD-
# ကျောင်းတက်ရောက်မှုဇုံများ

# ဘုတ်အဖွဲ့မှုဝါဒ AD- ကျောင်းတက်ရောက်မှုဖုံများ

## ဘုတ်အဖွဲ့မူဝါဒအားဖြင့် စီမံအုပ်ချုပ်ထားသော လုပ်ငန်းစဉ်

လူဦးရေ အပြောင်းအလဲများ၊ ကျောင်းသားဝင်ဆံ့နိုင်စွမ်း သို့မဟုတ် ထိရောက်မှုရှိသော ကျောင်းစီမံလည်ပတ်နိုင်စွမ်းဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ စာသင်ကျောင်း တစ်ကျောင်းအား အသုံးပြုပုံ အပြောင်းအလဲများ၊ စာသင်ကျောင်း ပိတ်သိမ်းရမှု နှင့် စာသင်ကျောင်းအသစ် ဖွင့်လှစ်မှုများ အစရှိသည့် အကန့်အသတ်မရှိသော အကြောင်းအရင်း အမျိုးမျိုးကြောင့်ဟာ ကျောင်းတက်ရောက်မှုဆိုင်ရာ ဇရိယာများအား ပြောင်းလဲရနိုင်ပေသည်။

**<u>အထူးကြီးကြပ်သူဌာနမှူး၏ အကြံပြုထောက်ခံချက်အပေါ်အခြေခံ၍ ဘုတ်အဖွဲ့သည် ကျောင်းတက်ရောက်မှု ဇရိယာများအား ပြောင်းလဲမှုပြုပေမည်။</u>**

# ဘုတ်အဖွဲ့ မူဝါဒ AD

ကြီးကြပ်သူဌာနမှူး၏ ကျောင်းတက်ရောက်မှုဧရိယာ ပြောင်းလဲရန် အကြံပြုထောက်ခံချက်များသည် အောက်ဖော်ပြပါ **အခြေခံ စံသတ်မှတ်ချက်များ** အပေါ် အခြေခံ၍ ဆောင်ရွက်ရပေမည် –

1. ပထဝီအနေအထား ထိစပ်မှု၊
2. သင်ကြားပို့ချနိုင်စွမ်း၊ နှင့်
3. မျှော်မှန်းထားသည့် ကျောင်းအပ်နှံမှုအရေအတွက်

*ပါဝင်သက်ဆိုင်သူများ၏ တုံ့ပြန်မှတ်ချက်များကိုမူ ဘုတ်အဖွဲ့ မူဝါဒအရ အသေးစိတ်သတ်မှတ်ထားသော စံသတ်မှတ်ချက်များအတွင်း၌သာလျှင် ထည့်သွင်းစဉ်းစားပေးနိုင်မည် ဖြစ်သည်။*

# ဘုတ်အဖွဲ့မူဝါဒ AD- ကျောင်းတက်ရောက်မှုဖုံများ

**ဘုတ်အဖွဲ့ မူဝါဒ AD**

အခြေခံ စံသတ်မှတ်ချက်များအရ အဆိုပါ ဆောင်ရွက်ချက်အတွက် ရွေးချယ်စရာ တစ်ခုမက ရှိနေသည့်အခြေအနေတွင်မူ အောက်ဖော်ပြပါ အခြေအနေတစ်ခုခု သို့မဟုတ် တစ်ခုမကအပေါ် အခြေခံ၍ ရွေးချယ်စရာများအား စီစစ်သုံးသပ်သွားရပေမည် –

1. ဘေးကင်းရေးနှင့် သယ်ယူပို့ဆောင်ရေးပုံစံများ၊
2. ယခင် ကျောင်းနယ်မြေ ပြန်လည်သတ်မှတ်ခြင်း၊
3. အိမ်နီးချင်းကျောင်းများကို မထိခိုက်စေခြင်း၊
4. အထူးအစီအစဉ်များ၊ ဆိုလိုသည်မှာ - စာသင်ခန်းနေရာ ပိုမိုလိုအပ်သောကျောင်းသားများအတွက် အထူးပံ့ပိုးမှုများထောက်ပံ့ပေးသောအစီအစဉ်များ၊
5. ဝန်ဆောင်ထောက်ပံ့မှုအဆောက်အအုံ၏ အခြေအနေကန့်သတ်ချက်၊
6. ဆက်လက်တက်ရောက်ရန် သတ်မှတ်ထားသောနယ်မြေခံကျောင်းများနှင့် ပူးပေါင်းချိတ်ဆက်မှု၊
7. ထိရောက်ပြီး တွက်ခြေကိုက်သော လုပ်ဆောင်ချက်များ၊ သို့မဟုတ်
8. ဘုတ်အဖွဲ့မှ အဆုံးသတ် ဆုံးဖြတ်ချက်ချမှတ်သည့်အချိန်တွင် သို့မဟုတ် ၎င်းမတိုင်မီတွင် အများပြည်သူထံ ထုတ်ပြန်ဖွင့်ဟမှုပြုမည့် အခြားသော စံသတ်မှတ်ချက်များ

*ပါဝင်သက်ဆိုင်သူများ၏ တုံ့ပြန်မှတ်ချက်များကိုမူ ဘုတ်အဖွဲ့ မူဝါဒအရ အသေးစိတ်သတ်မှတ်ထားသော စံသတ်မှတ်ချက်များအတွင်း၌သာလျှင် ထည့်သွင်းစဉ်းစားပေးနိုင်မည် ဖြစ်သည်*

# ဘုတ်အဖွဲ့မူဝါဒ AD- ကျောင်းတက်ရောက်မှုဖုံများ

## ဘုတ်အဖွဲ့ မူဝါဒ AD
## တက်ရောက်မှုလိုင်းကြောင်းများ ပြောင်းလဲထားသည့် ဇရိယာများအတွင်း နေထိုင်လျက်ရှိသော ကျောင်းသားများ -

တက်ရောက်မှုလိုင်းကြောင်းများ ပြောင်းလဲလိုက်သည့်အခါတွင် ကျောင်းသားများအားလုံးသည် မိမိတို့၏ အသစ်သော တက်ရောက်မှု ဇရိယာအတွင်းရှိသည့် စာသင်ကျောင်းတွင် တက်ရောက်ကြရမည် ဖြစ်သည်၊ သို့သော် **မူလတန်း သို့မဟုတ် အလယ်တန်းကျောင်း တစ်ကျောင်းရှိ ရရှိနိုင်သော အမြင့်ဆုံးဂရိတ်အတန်းသို့ တက်ရောက်မည့် ကျောင်းသားများ သို့မဟုတ် အထက်တန်းကျောင်းတစ်ကျောင်းတွင် ဂရိတ် 11 တန်း သို့မဟုတ် 12 တန်းသို့ တက်ရောက်မည့် ကျောင်းသားများမှာမူ ခရိုင်၏ ပို့ဆောင်ရေးပိုင်းဆိုင်ရာ ထောက်ပံ့ပေးမှုများ မပါရှိဘဲ မိမိတို့၏ ယခင်စာသင်ကျောင်း၌ပင် ဆက်လက်ပညာသင်ကြားခွင့်** သို့မဟုတ် မူဝါဒ ED အရ ထောက်ပံ့ပေးထားသော ပို့ဆောင်ရေးနှင့်အတူ ကျောင်းအသစ်သို့ တက်ရောက်ခွင့်အား ရွေးချယ်ခွင့် ရှိပေမည်။

ဘုတ်အဖွဲ့ မူဝါဒ AD အား ရွေးချယ်သော ကျောင်းသားများ - မိမိတို့၏ ယခင်စာသင်ကျောင်း၌ ဆက်လက်ကျန်ရှိနိုင်သော ကျောင်းတက်ရောက်မှုဆိုင်ရာ ရွေးချယ်ခွင့်သည် နောက်ပိုင်းတွင်မှ ကျောင်းအသစ်သို့ ပြောင်းရွှေ့ရနိုင်ပါသည်။ ကျောင်းသားဖြစ်သူသည် ကျောင်းအသစ်သို့ ရွှေ့ပြောင်းပြီးသည်နှင့်တစ်ပြိုင်နက် ၎င်းကျောင်းသားသည် ယခင်ကျောင်းသို့ ပြန်လည်ပြောင်းရွှေ့နိုင်တော့မည် မဟုတ်ပေ။

# အသစ်
# တိုးချဲ့ထားသည့် စာသင်ကျောင်းများ

# အသစ် တိုးချဲ့ထားသည့် စာသင်ကျောင်းများ

ဆောင်းဦး 2027 မစတင်မှီ အများအပြားသော ဆောက်လုပ်ရေး စီမံချက် အသီးသီးသည် စာသင်ကျောင်း၏ ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်းအပေါ် သက်ရောက်မှုရှိသည်

ဆောင်းဦး 2027 အဖွင့်
- Dresden မူလတန်းကျောင်းအား ပြန်လည်တည်ဆောက်သည် (ထပ်ဆောင်း ထိုင်ခုံနေရာ 270)
- Idlewood မူလတန်းကျောင်းအား မွမ်းမံပြုပြင်ဆင်သည့် (အသစ်သော ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်း ထပ်တိုးထားခြင်းများ မရှိပေ)
- Sequoyah အလယ်တန်းကျောင်းအား ပြန်လည်တည်ဆောက်သည် (ထပ်ဆောင်း ထိုင်ခုံနေရာ 70)
- Cross Keys အထက်တန်းကျောင်းတွင် ပေါင်းထည့်မှုများ (ထပ်ဆောင်း ထိုင်ခုံနေရာ 200)

ဆောင်းဦး 2029 အဖွင့်
- Sequoyah အထက်တန်းကျောင်း အသစ် (ထပ်ဆောင်း ထိုင်ခုံနေရာ 1,600 ကျော်)

# Dresden မူလတန်းကျောင်းအား ဖွင့်လှစ်ခြင်း (2027 ဆောင်းဦး)

- သမိုင်းကြောင်းအရ Dresden ES မူလတန်းကျောင်းသည် အစဉ်ဆိုသလို လူကြပ်သိပ်နေလေ့ရှိသည်။
- ပြန်လည်တည်ဆောက်ထားသော Dresden ES မူလတန်းကျောင်းသည် ကျောင်း၏ ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်းအတွက် ထပ်ဆောင်း ထိုင်ခုံနေရာ 270 ပေါင်းထည့်ပေးမည် ဖြစ်သည်
- Sequoyah MS အလယ်တန်းကျောင်း ဆောက်လုပ်စဉ်ကာလအတွင်း ကျောင်းသား ဝင်ဆံ့ထောက်ပံ့နိုင်စွမ်း ပြည့်လျှံမှုအတွက် အထောက်အပံ့ဖြစ်စေရန်ငှာ Cary Reynolds ES မူလတန်းကျောင်းအား 2022 တွင် Nancy Creek သို့ ပြန်လည်နေရာချထားခဲ့သည်။
- 2022 တွင် ဆက်သွယ်အသိပေးထားသည်အရ Nancy Creek ရှိ Cary Reynolds သည် ပြန်လည်ဆောက်လုပ်ထားသော Dresden ဖွင့်လှစ်သည့်အချိန်၌ ပိတ်သိမ်းသွားမည် ဖြစ်ပြီး၊ Nancy Creek ၏ ဝန်ဆောင်ထောက်ပံ့မှု အဆောက်အအုံများအား အခြားအရာများအတွက် အသုံးပြုဖို့ ရရှိလာနိုင်မည် ဖြစ်သည်။





# Idlewood ပြန်လည်မွမ်းမံပြင်ဆင်မှု ပြီးမြောက်ခြင်း (2027 ဆောင်းဦး)

- သမိုင်းကြောင်းအရ Idlewood ES မူလတန်းကျောင်းသည် အစဉ်ဆိုသလို လူကြပ်သိပ်လျက် ရှိတတ်သည်။
- ပြန်လည်မွမ်းမံပြင်ဆင်စဉ်ကာလအတွင်း အဆောက်အအုံအတွင်း၌ ကျောင်းသား အရေအတွက်များ လျော့ချဖို့ရန်အတွက်ဗာ ခန့်မှန်းခြေ ကျောင်းသားပေါင်း 400 ခန့်အား Smoke Rise ES မူလတန်းကျောင်းသို့ ခရိုင်ပြန်လည်ခွဲထားခဲ့သည်။
- Smoke Rise ES မူလတန်းကျောင်းတွင်ရှိသည့် Idlewood ES မူလတန်းကျောင်းသားများ အားလုံးသည် အသစ် မွမ်းမံပြင်ဆင်ထားသော Idlewood ES မူလတန်းကျောင်း၌ ဝင်ဆံ့နိုင်မည် မဟုတ်ပေ၊ သို့သော်လည်း Tucker အုပ်စုအဖွဲ့ ၏ မူလတန်းကျောင်းများတွင် ကျောင်းသား ဝင်ဆံ့ထောက်ပံ့နိုင်စွမ်း လုံလုံလောက်လောက် ရှိနေသေးသည်။
- ဤနယ်နိမိတ် ပြန်လည်ချိန်ညှိသတ်မှတ်မှု လုပ်ငန်းစဉ်သည် Tucker အုပ်စုအဖွဲ့ အတွင်းရှိ မူလတန်းကျောင်း စာရင်းသွင်းအပ်နှံမှုများကို ဟန်ချက်ထိန်းသိမ်းနိုင်စေမည် ဖြစ်သည်။







# Sequoyah MS အလယ်တန်းကျောင်း ပြီးမြောက်ပြီးစီးမှု (2027 ဆောင်းဦး)

- သမိုင်းတစ်လျှောက် အစဉ်ဆိုသလို လူကြပ်သိပ်လျက်ရှိပြီး၊ တစ်ဖက်တွင်လည်း အနီးနားရှိ အလယ်တန်းကျောင်းများတွင် ကျောင်းသား ဝင်ဆံ့ထောက်ပံ့နိုင်စွမ်းများ ရရှိနိုင်ဆဲ ဖြစ်သည်
- လက်ရှိ စာရင်းသွင်းအပ်နှံမှု အခြေအနေမှာ ဝင်ဆံ့ထောက်ပံ့နိုင်စွမ်းထက် ကျောင်းသား 300 ခန့် ကျော်လွန်နေလျက်ရှိပြီး၊ Cary Reynolds ဝန်ဆောင်ထောက်ပံ့မှု အဆောက်အအုံသည် ပိုလျှံလာသူများအတွက် နေရာလွတ်များ ထောက်ပံ့ပေးနိုင်သည်
- **Cary Reynolds သည် နောက်နှစ်တွင်မှ ပိုလျှံလာသော ကျောင်းသားများအတွက် ဆက်လက် ထောက်ပံ့ပေးနိုင်တော့မည် မဟုတ်ပေ—** ဆောက်လုပ်ရေးလုပ်ငန်း တစ်စိတ်တစ်ပိုင်းအနေနှင့်မှာ အဆိုပါဝန်ဆောင်ထောက်ပံ့မှု အဆောက်အအုံအား ဖျက်ချပစ်ရမည် ဖြစ်သည်
- အသစ်သော Sequoyah အလယ်တန်းကျောင်း အဆောက်အအုံသည် လက်ရှိ ဝင်ဆံ့ထောက်ပံ့နိုင်စွမ်းအတွက် ထိုင်ခုံနေရာ 70 ခန့် ပေါင်းထည့်ပေးနိုင်မည် ဖြစ်သည်
- နယ်နိမိတ် ချိန်ညှိပြင်ဆင်သတ်မှတ်မှုသည် ဒေသအတွင်းရှိ အလယ်တန်းကျောင်းများအကြား စာရင်းသွင်းအပ်နှံမှုများကို ပြန်လည် ဟန်ချက်ထိန်းသိမ်းပေးနိုင်မည် ဖြစ်သည်



# Cross Keys HS အထက်တန်းကျောင်း ပေါင်းထည့်မှု ပြီးမြောက်ပြီးစီးခြင်း (2027 ဆောင်းဦး)

- သမိုင်းကြောင်းတစ်လျှောက် လူကြပ်သိပ်လျက်ရှိပြီး၊ Beauford အဝေးပြေးလမ်းကော်ရစ်ဒါတစ်လျှောက်မှ ကျောင်းသားများအား ဝန်ဆောင်မှုပေးလျက် ရှိသည်။
- ဆောက်လုပ်ရေး မြေပြန့်ကိုင်ရိုက်ခြင်းအား ဩဂုတ်လ 2025 တွင် ဆောင်ရွက်စတင်ခဲ့သည်။ 2028–29 ကျောင်းပညာသင်နှစ်တွင် ပြီးမြောက်ဖို့ရန် ပစ်မှတ်ထားရှိပြီး၊ ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်းအား ဆောင်းဦး 2027 တွင် သိရှိနိုင်မည် ဖြစ်သည်။
- ၎င်းပေါင်းထည့်မှုသည် အစဉ်ဆိုသလို လူကြပ်နေတတ်လေ့ရှိသော ဧရိယာအတွင်း ကျောင်းသားဝင်ဆံ့နိုင်စွမ်း ထိုင်ခုံနေရာ 200 ခန့်အား ပေါင်းထည့်ပေးနိုင်မည် ဖြစ်သည်။
- အထက်တန်းကျောင်း တက်ရောက်မှုဧရိယာများကိုမူ အလယ်တန်းကျောင်း ဧရိယာများနှင့် တစ်ညီတည်းဖြစ်စေဖို့ရန် ဆုံးဖြတ်ဖို့လိုအပ်မည် ဖြစ်ပြီး၊ သို့သော်ငြား ၎င်းသည် ဆောင်းဦး 2029 တွင် Sequoyah HS အထက်တန်းကျောင်းအား မဖွင့်လှစ်သေးမီအချိန်အထိ သက်ရောက်မှုရှိအုံးမည် မဟုတ်ပေ။



# Sequoyah HS အထက်တန်းကျောင်း ပြီးစီးခြင်း (2029 ဆောင်းဦး)

- အသစ်သော Sequoyah အထက်တန်းကျောင်းသည် ကျောင်းသားဝင်ဆံ့နိုင်စွမ်း ထိုင်ခုံနေရာ 1,600 ကျော်အား ပေါင်းထည့်ပေးမည်ဖြစ်သည်
- ဤလုပ်ငန်းစဉ်သည် Sequoyah အုပ်စုအဖွဲ့ အသစ်အား ဖန်တီးပေးမည်ဖြစ်ပြီး၊ အထက်တန်းကျောင်း အသစ်သည် အနီးအနားရှိ အထက်တန်းကျောင်းများတွင် လူကြပ်သိပ်နေခြင်းများအား သက်သာသွားစေဖို့ရန် ရည်ရွယ်ပေသည်။



# စာရင်းသွင်းအပ်နှံမှုအား ဟန်ချက်ထိန်းခြင်း

DeKalb County
School District

# မူလတန်းကျောင်း ဆောက်လုပ်ရေးနှင့် ကျောင်းတက်ရောက်မှုဇရိယာများ

အသစ်သော ဝန်ဆောင်ထောက်ပံ့နိုင်စွမ်းသည် စာရင်းသွင်းအပ်နှံမှုအား ဟန်ချက်ထိန်းရန်၊ နှင့် ရွှေ့ပြောင်း စာသင်ခန်းများအား လျှော့ချရန် သို့မဟုတ် ပယ်ရှင်းရန် အစရှိသည်တို့အတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပေသည်။

- ပြန်လည်တည်ဆောက်ထားသော Dresden မူလတန်းကျောင်းအား ထပ်ဆောင်း ထိုင်ခုံနေရာ 270 နှင့်အတူ ဖွင့်လှစ်မည်ဖြစ်ပြီး၊ အနီးနားရှိ စာသင်ကျောင်းများတွင် မူလတန်း စာရင်းသွင်းအပ်နှံမှုများအား ဟန်ချက်ထိန်းရန် အခွင့်အလမ်းတစ်ခု ဖြစ်ပေသည်။
- Idlewood ES မူလတန်းကျောင်း ပြန်လည်မွမ်းမံပြင်ဆင်မှုများ ပြီးမြောက်ဆောင်ရွက်ပြီးခြင်းအားဖြင့် Tucker အုပ်စုအဖွဲ့အတွင်းမှ မူလတန်းကျောင်း စာရင်းသွင်းအပ်နှံမှုများကို ပြန်လည်ဟန်ချက်ထိန်းသိမ်းဖို့ရန် လိုအပ်မည် ဖြစ်သည်။
- အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်မှုဇရိယာ ချိန်ညှိပြင်ဆင်မှုများကြောင့်ဟု အခြားသော မူလတန်းကျောင်းတက်ရောက်မှု ဇရိယာများအပေါ် သက်ရောက်မှုရှိနိုင်ခြေ ရှိသည်။

**ကနဦး စာရင်းသွင်းအပ်နှံမှု အစရင်းအမြစ်**– 8/12/2026 (ဤကိန်းဂဏန်းများအား 8/28/2026 သို့ ပြင်ဆင်မည်ဖြစ်သည်)



# အလယ်တန်းကျောင်း ဆောက်လုပ်ရေးနှင့် တက်ရောက်မှု ဧရိယာများ

အသစ်သော ဝန်ဆောင်ထောက်ပံ့နိုင်စွမ်းသည် စာရင်းသွင်းအပ်နှံမှုအား ဟန်ချက်ထိန်းရန်၊ နှင့် ရွှေ့ပြောင်း စာသင်ခန်းများအား လျော့ချရန် သို့မဟုတ် ပယ်ရှင်းရန် အစရှိသည်တို့အတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပေသည်။

- ထပ်ဆောင်း ထိုင်ခုံနေရာ 70 နှင့်အတူ ပြန်လည်တည်ဆောက်ထားသော Sequoyah အလယ်တန်းကျောင်းအား ဖွင့်လှစ်သည်။
- အလယ်တန်းကျောင်း ကျောင်းသားဝင်ဆံ့နိုင်စွမ်းသည် ဧရိယာအတွင်းရှိ စာရင်းသွင်းအပ်နှံမှုများအတွက် လုံလုံလောက်လောက် ရှိသည်။
- Sequoyah HS အထက်တန်းကျောင်း ဖွင့်လှစ်လိုက်ခြင်းအားဖြင့် ဧရိယာအတွင်းတွင် အထက်တန်းကျောင်း တစ်ကျောင်းသည် အလယ်တန်းကျောင်းထက် ပိုရှိသွားမည် ဖြစ်သည်။

**ကနဦး စာရင်းသွင်းအပ်နှံမှု အချင်းမြစ်**– 8/12/2026 (ဤကိန်းဂဏန်းများအား 8/28/2026 သို့ ပြင်ဆင်မည်ဖြစ်သည်)



# အထက်တန်းကျောင်း ဆောက်လုပ်ရေးနှင့် တက်ရောက်မှုဇရိယာများ

အသစ်သော ဝန်ဆောင်ထောက်ပံ့နိုင်စွမ်းသည် စာရင်းသွင်းအပ်နှံမှုအား ဟန်ချက်ထိန်းရန်၊ နှင့် ရွှေ့ပြောင်း စာသင်ခန်းများအား လျှော့ချရန် သို့မဟုတ် ပယ်ရှင်းရန် အစရှိသည်တို့အတွက် အခွင့်အလမ်းတစ်ခု ဖြစ်ပေသည်။

- Cross Keys အထက်တန်းကျောင်း ပေါင်းထည့်မှုသည် ထပ်ဆောင်း ထိုင်ခုံနေရာ 200 အား ဖွင့်လှစ်ပေးသည်
- အသစ်သော Sequoyah အထက်တန်းကျောင်း ပေါင်းထည့်မှုသည် အသစ်သော ထိုင်ခုံနေရာ 1,600 ကျော်အား ဖွင့်လှစ်ပေးသည်
- အသစ်သော Sequoyah HS အထက်တန်းကျောင်းနှင့် အနီးနားရှိ အထက်တန်းကျောင်းများအကြား ကျောင်းတက်ရောက်မှု ဇရိယာ ချိန်ညှိပြင်ဆင်မှုများသည် Druid Hills နှင့် Tucker အုပ်စုအဖွဲ့များအတွင်းသို့ ဖိတ်စင်ကျရောက်လာနိုင်သည်။

**ကနဦး စာရင်းသွင်းအပ်နှံမှု အရင်းမြစ်**– 8/12/2026 (ဤကိန်းဂဏန်းများအား 8/28/2026 သို့ ပြင်ဆင်မည်ဖြစ်သည်)



# စာရင်းသွင်းအပ်နှံမှုအား ဟန်ချက်ထိန်းခြင်း

**စာရင်းသွင်းအပ်နှံမှုများသည် မည်သည့်အတွက်ကြောင့် ဟန်ချက်ညီရမည်နည်း**

အကယ်၍ တက်ရောက်မှုဧရိယာ အပြောင်းအလဲများ မရှိလျှင် သို့ပါက...

- Smoke Rise ES မူလတန်းကျောင်းသည် ကျောင်းသားဦးရေ 1,000 အထက်ဖြင့် ဆက်လက် စီမံလည်ပတ်နေမည်ဖြစ်ပြီး၊ မိမိတို့ဧရိယာပြင်ပ ဘတ်စ်ကားစီးရသော ကျောင်းသားများ ပါဝင်မည် ဖြစ်သည်။
- Cary Reynolds ES မူလတန်းကျောင်းအား Nancy Creek ဝန်ဆောင်ထောက်ပံ့မှု အဆောက်အအုံတွင် ဆက်လက် ဖွင့်လှစ်ထားမည် ဖြစ်ပြီး၊ မိမိတို့ဧရိယာပြင်ပ ဘတ်စ်ကားစီးရသော ကျောင်းသားများ ပါဝင်မည် ဖြစ်သည်။
- Ashford Park ES မူလတန်းကျောင်းသည် ဆက်လက်၍ ပြင်းထန်စွာ လူကြပ်နေဆဲ ဖြစ်မည်ဖြစ်ပြီး၊ ရွှေ့ပြောင်း စာသင်ခန်း အနည်းဆုံး 16 ခုနှင့် ရှိပေမည်။
- အသစ်ချွတ်ချွတ်သော Dresden ES မူလတန်းကျောင်းမှာမူ စာရင်းသွင်းမှု သတ်မှတ်ပမာဏအောက် ကျနေမည် ဖြစ်သည်။
- အသစ်သော Sequoyah MS အလယ်တန်းကျောင်းသည် ၎င်း၏ ဝန်ဆောင်ထောက်ပံ့နိုင်စွမ်းထက် ကျော်လွန်၍ ကျောင်းသား 300 အတွက် ဖွင့်လှစ်ပေးမည် ဖြစ်ပြီး၊ Sequoyah HS အထက်တန်းကျောင်း ဆောက်လုပ်နေစဉ်ကာလအတွင်း လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။

# စာရင်းသွင်းအပ်နှံမှု

## 2027 ဆောင်းဦးအပြီးတွင် ဖြစ်မည်လား။

အကယ်၍ တက်ရောက်မှုဧရိယာ အပြောင်းအလဲများ မရှိလျှင် သို့ပါက...

- Sequoyah HS အထက်တန်းကျောင်းတွင် ကျောင်းသားများမရှိဘဲ ဖွင့်လှစ်ထားရပေမည်
- Lakeside HS အထက်တန်းကျောင်းသည် ဆက်လက်၍ လူကြပ်နေမည် ဖြစ်သည်
- Dunwoody HS အထက်တန်းကျောင်းသည် ဆက်လက်၍ လူကြပ်နေမည် ဖြစ်သည်
- Cross Keys HS အထက်တန်းကျောင်းသည် ဆက်လက်၍ လူကြပ်နေမည် ဖြစ်သည်

- အကယ်၍ အထက်တန်းကျောင်း တက်ရောက်မှုဧရိယာများအား ဤလုပ်ငန်းစဉ်အတွင်း ထည့်သွင်းဆုံးဖြတ်ခြင်း မရှိဘဲ ကြန့်ကြာနေမည်ဆိုလျှင် အသစ်သော အထက်တန်းကျောင်း ဖွင့်လှစ်သည့်အချိန်၌ အလယ်တန်းကျောင်း တက်ရောက်မှု ဧရိယာများအား ထပ်မံ ချိန်ညှိပြင်ဆင်ဖို့ လိုအပ်မည် ဖြစ်သည်။



# အချိန်မျဉ်းလိုင်း နှင့်
# မျှော်လင့်ထားရမည့်အရာများ

# အချိန်မျဉ်းလိုင်းနှင့် မျှော်လင့်ထားရမည့်အရာများ

**ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #1**

ပန်းတိုင်များ၊ လုပ်ငန်းစဉ်၊
မျှော်မှန်းချက်များအား
အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ခြင်း

ဩဂုတ်လ 26 ရက် -
စက်တင်ဘာလ 10 ရက်

**ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #2**

အမျိုးမျိုးသော
ရွေးချယ်စရာနည်းလမ်းများအား
ထည့်သွင်းစဉ်းစားခြင်း

စက်တင်ဘာလ 21 ရက် –
အောက်တိုဘာလ 6 ရက်

**ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #3**

တုံ့ပြန်မှတ်ချက်များအပေါ်
အခြေခံကာ
ရွေးချယ်စရာနည်းလမ်း
တစ်ခုတည်းအကြောင်း
ထည့်သွင်းစဉ်းစားခြင်း

အောက်တိုဘာလ 13-29 ရက်

**ဘုတ်အဖွဲ့
ပထမအကြိမ် ဖတ်ရှုခြင်း**

ကြီးကြပ်သူဌာနမှူး
အကြံပြုထောက်ခံချက်

**ဘုတ်အဖွဲ့
ဆောင်ရွက်ချက်**

ကြီးကြပ်သူဌာနမှူး
အကြံပြုထောက်ခံချက်

*လူထု တွေ့ဆုံဆွေးနွေးပွဲများနှင့် အွန်လိုင်း စစ်တမ်းများ*

# အချိန်မျဉ်းလိုင်းနှင့် မျှော်လင့်ထားရမည့်အရာများ

**ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #1**

ပန်းတိုင်များ၊ လုပ်ငန်းစဉ်၊ မျှော်မှန်းချက်များအား အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ခြင်း

ဩဂုတ်လ 26 ရက် - စက်တင်ဘာလ 10 ရက်

- ကျွန်ုပ်တို့ ဤနေရာသို့ မည်သို့ ရောက်ရှိလာခဲ့သနည်း
- လုပ်ငန်းစဉ်နှင့် မျှော်မှန်းချက်များ
- စစ်တမ်းနှင့် လူထု မှတ်ချက်

**ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #2**

အမျိုးမျိုးသော ရွေးချယ်စရာနည်းလမ်းများအား ထည့်သွင်းစဉ်းစားခြင်း

စက်တင်ဘာလ 21 ရက် – အောက်တိုဘာလ 6 ရက်

- ကနဦးအဆင့် ရွေးချယ်စရာများ
- စစ်တမ်းနှင့် လူထု မှတ်ချက်

**ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #3**

တုံ့ပြန်မှတ်ချက်များအပေါ် အခြေခံကာ ရွေးချယ်စရာနည်းလမ်း တစ်ခုတည်းအကြောင်း ထည့်သွင်းစဉ်းစားခြင်း

အောက်တိုဘာလ 13-29 ရက်

- တုံ့ပြန်မှတ်ချက်များအပေါ် အခြေခံကာ ရွေးချယ်စရာနည်းလမ်းများအား ပြန်လည်စီစစ်သုံးသပ်ခြင်း
- စစ်တမ်း နှင့် လူထု မှတ်ချက်

# အချိန်မျဉ်းလိုင်းနှင့် မျှော်လင့်ထားရမည့်အရာများ

**ဘုတ်အဖွဲ့ ပထမအကြိမ် ဖတ်ရှုခြင်း**

ကြီးကြပ်သူဌာနမှူး အကြံပြုထောက်ခံချက်

- ဘုတ်အဖွဲ့ တွေ့ဆုံဆွေးနွေးပွဲများအတောအတွင်း လူထု မှတ်ချက်

**ဘုတ်အဖွဲ့ ဆုံးဖြတ်ချက်**

ကြီးကြပ်သူဌာနမှူး အကြံပြုထောက်ခံချက်

- ဘုတ်အဖွဲ့ လက်တွေ့ဆောင်ရွက်ချက်

ဘုတ်အဖွဲ့ ထောက်ခံခွင့်ပြုချက်အား စောင့်ဆိုင်းလျက် ကျောင်းတက်ရောက်မှု ဧရိယာ အသစ်များသည် အခြားတစ်မျိုးတစ်မည် ထုတ်ပြန်ပြဌာန်းထားသော အခြေအနေများမှလွဲ၍ ဩဂုတ်လ 2027 မှစတင်၍ သက်ရောက်မှုရှိမည် ဖြစ်သည်။

# အချိန်မျဉ်းလိုင်းနှင့် မျှော်လင့်ထားရမည့်အရာများ

- **ဤသည်မှာ သမာရိုးကျ ကျောင်းတက်ရောက်မှုဧရိယာ ချိန်ညှိပြင်ဆင်သတ်မှတ်မှုတစ်ခု မဟုတ်ပေ။** အဆိုပြုထားသော အပြောင်းအလဲများသည် ကြီးမားလှသော စကေးပမာဏဖြင့် အပြောင်းအလဲရှိနိုင်ပြီး၊ အချို့သော အစီအစဉ်တကျ သက်ရောက်မှုများ ရှိနိုင်ပေသည်။
  - ထပ်ဆောင်း ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်းနှင့် စာရင်းသွင်းအပ်နှံမှုဆိုင်ရာ ဟန်ချက်ထိန်းသိမ်းခြင်းတို့ကြောင့်မှာ ခရိုင်အတွင်းရှိ ကျောင်းတက်ရောက်မှုဆိုင်ရာ ဧရိယာ တော်တော်များများသည် ကြီးမားစွာ ပြောင်းလဲသွားနိုင်ပေသည်။
  - မူလတန်း-အလယ်တန်း-အထက်တန်း အတန်းဆက်လက်တက်ရောက်မှု ပက်တန်ပုံစံကွက်များကိုလည်း ပြန်လည်ချိန်ညှိရနိုင်ပါသည်။
  - အမြဲတမ်းဖြစ်သော ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်းများ ရရှိလျက်ရှိသော အခြေအနေတွင် ရွှေ့ပြောင်း စာသင်ခန်းများအပေါ် မှီခိုရမှုအား လျော့ချရန်အတွက်မှာ ကျောင်းတက်ရောက်မှု ဧရိယာ အပြောင်းအလဲများအား အဆိုပြုကောင်း အဆိုပြုနိုင်ပေသည်။
  - ဤအုပ်စုအဖွဲ့ ခြောက်ခုအတွင်းတွင် စာရင်းသွင်းအပ်နှံမှုများအား ဟန်ချက်ထိန်းရန် တစ်စိတ်တစ်ပိုင်းအနေနှင့်မှာ မဂ္ဂနက်နှင့် အထူးပြု ကျောင်းအစီအစဉ် နေရာချစီစဉ်မှုများအား ထည့်သွင်းစဉ်းစားသွားနိုင်ပေသည်။
- **အပြောင်းအလဲ မှန်သမျှအား ပညာရေးဘုတ်အဖွဲ့မှ ထောက်ခံခွင့်ပြုပေးဖို့ရန် လိုအပ်မည်ဖြစ်ပြီး၊ မဲပေးဆောင်ရွက်မှုတစ်ခု မပြုလုပ်မီ အများပြည်သူများမှ မှတ်ချက်ပေးတုံ့ပြန်နိုင်မည်ဖြစ်သော အခွင့်အလမ်း အများအပြား ထောက်ပံ့ပေးသွားမည် ဖြစ်သည်။**

# အချိန်မျဉ်းလိုင်းနှင့် မျှော်လင့်ထားရမည့်အရာများ

**နယ်နိမိတ် အပြောင်းအလဲများအား ဘုတ်အဖွဲ့မှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည်နှင့်တစ်ပြိုင်နက် –**

- မူလတန်းနှင့် အလယ်တန်းကျောင်း နယ်နိမိတ် အပြောင်းအလဲများသည် 2027 ဆောင်းဦးတွင် စတင်သက်ရောက်မှုရှိမည် ဖြစ်သည်။
- ခရိုင်သည် အပြောင်းအလဲများအကြောင်း ဆက်သွယ်အသိပေးသည့် တရားဝင်စာများကို ပေးပို့ပေးသွားမည်ဖြစ်သည်။
    - မူဝါဒအရ ဂရိတ် 5တန်း၊ 8တန်း၊ 11တန်း နှင့် 12တန်း သို့ တက်ရောက်ကြမည့် ကျောင်းသားများသည် မိမိတို့၏ လက်ရှိ စာသင်ကျောင်း၌ ပြီးဆုံးသည့်အထိ "ဆက်လက်ကျန်ရှိရန် တောင်းဆိုချက်" ကို တင်သွင်းနိုင်ပေသည်။
- အထက်တန်းကျောင်း အပြောင်းအလဲများသည် 2029 ဆောင်းဦးလောက်တွင် စတင်သက်ရောက်နိုင်ခြေရှိသည်။
- 2027-28 နှင့် 2028-29 ကျောင်းပညာသင်နှစ်များအတောအတွင်း နောက်တစ်တန်း တက်ရောက်မှုများတွင် လူခွဲ၍ ခွဲဝေနေရာချခံရခြင်းများ ရှိနိုင်ပေသည်။ ဤအချိန်ကာလအတွင်း ဝင်ခွင့်စာမေးပွဲဆိုင်ရာ အသေးစိတ်အချက်အလက်များအား ဤလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းဆုံးဖြတ်၍ ဆက်သွယ်အသိပေးသွားမည် ဖြစ်သည်။

# မှတ်ချက်များ ပေးရန် နည်းလမ်း

# ပါဝင်ဆောင်ရွက်၍ တုံ့ပြန်မှတ်ချက်များပေးရန် နည်းလမ်း 4 မျိုး



**အွန်လိုင်း စစ်တမ်းများ –** ခရိုင်အတွင်းရှိ မည်သူမဆိုအတွက် ဖွင့်လှစ်ပေးထားပါသည်။



**အာရုံစူးစိုက်ဆောင်ရွက်မှု အုပ်စုအဖွဲ့** – အွန်လိုင်းစစ်တမ်း ဖြေဆိုပြီးနောက်တွင် သင့်အနေနှင့် အွန်လိုင်း အာရုံစူးစိုက်ဆောင်ရွက်မှု အုပ်စုတစ်ခုအတွင်း ပါဝင်ဖို့ရန် စာရင်းပေးသွင်းနိုင်ပေသည်။



**ရပ်ရွာအဖွဲ့ အစည်း အကြံပေး အဖွဲ့ များ –** ခရိုင်၏ ခေါင်းဆောင်မှုအပိုင်းမှ လူကြီးများနှင့် သင်၏ ရပ်ကွက်အိမ်နီးချင်းများတို့နှင့် အတူတကွ လက်တွဲလုပ်ကိုင်၍ ပညာရေးဘုတ်အဖွဲ့ သို့ အဆုံးသတ်အဆင့် မရောက်ရှိမီ ထောက်ခံအကြံပြုချက်များအား ပုံဖော်ဖန်တီးရာ၌ ပါဝင်ကူညီကြရမည် ဖြစ်သည်။



**အများပြည်သူလူထု မှတ်ချက် –** ဂျာတွေ့ ဆုံဆွေးနွေးပွဲများအား ခရိုင်အတွင်းရှိ မည်သူမဆိုအတွက် ဖွင့်လှစ်ပေးထားပြီး၊ ပညာရေးဘုတ်အဖွဲ့ တွေ့ ဆုံဆွေးနွေးပွဲများ၏ လူထုမှတ်ချက် အပိုင်းကဲ့သို့ တူညီသော ပုံစံအတိုင်း စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သည်။

# တုံ့ပြန်မှတ်ချက်များ ပေးအပ်ခြင်း – ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #1

**လူထုမှတ်ချက် စက်ရှင်များ**
- အင်္ဂါနေ့၊ စက်တင်ဘာလ 1 ရက် — Druid Hills ၊ Lakeside နှင့် Tucker အုပ်စုအဖွဲ့များ (Lakeside HS အထက်တန်းကျောင်းတွင်)
- ကြာသာပတေးနေ့၊ စက်တင်ဘာလ 3 ရက် — Chamblee ၊ Dunwoody နှင့် Cross Keys အုပ်စုအဖွဲ့များ (Chamblee HS အထက်တန်းကျောင်းတွင်)

**ရပ်ရွာအဖွဲ့အစည်း အကြံပေးအဖွဲ့များ**
- လူထုမှတ်ချက် စက်ရှင်များအပြီး ရက်သတ္တပတ်တွင် တွေ့ဆုံမည်ဖြစ်သည်

**အွန်လိုင်း စစ်တမ်း–** အသစ်သော ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက် ဝက်ဘ်စာမျက်နှာသို့ လင့်ခ်ဗုဒ္ဓဟူးနေ့၊ ဩဂုတ်လ 26 ရက်၊ မနက် 8:00 အချိန်တွင် ဖွင့်လှစ်မည်
- အင်္ဂါနေ့၊ စက်တင်ဘာလ 8 ရက်၊ ည 11:59 အချိန်တွင် ပိတ်မည်
- အာရုံစူးစိုက်ဆောင်ရွက်မှု အုပ်စုအဖွဲ့ စာရင်းသွင်းအပ်နှံမှုအား ထည့်သွင်းရန်

**အွန်လိုင်း အာရုံစူးစိုက်ဆောင်ရွက်မှု အုပ်စုအဖွဲ့များ -** ပါဝင်သူ 10 – 15 ဦးစီ
- တနင်္လာနေ့၊ ဩဂုတ်လ 31 ရက် – ဗုဒ္ဓဟူးနေ့၊ စက်တင်ဘာလ 9 ရက်
- အသိပေးအကြောင်းကြားချက် / အတည်ပြုချက်အား 3 ရက်မတိုင်မီအလို ကြိုတင်ပေးပို့သည်

*ပါဝင်သက်ဆိုင်သူများ၏ တုံ့ပြန်မှတ်ချက်များကိုမူ ဘုတ်အဖွဲ့ မူဝါဒအရ အသေးစိတ်သတ်မှတ်ထားသော စံသတ်မှတ်ချက်များအတွင်း၌သာ လျှင် ထည့်သွင်းစဉ်းစားပေးနိုင်မည် ဖြစ်သည်။*



# ထပ်ဆောင်း
# အချက်အလက်များ

# ထပ်ဆောင်း အချက်အလက်

## နောက်ထပ်သော အချက်အလက်များနှင့် ဒေတာများ ရရှိရန်အတွက် သွားရောက်ရမည့် နေရာ -

- ကျောင်းသား ခွဲဝေချမှတ်မှုဆိုင်ရာ စီမံချက် ဝက်ဘ်ဆိုဒ် – လုပ်ငန်းစဉ်အကြောင်း၊ နှင့် ညှိနှိုင်းပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းများအကြောင်း နောက်ထပ်သော အချက်အလက်များ
- DCSD စီမံကိန်းရေးဆွဲမှု ဝက်ဘ်ဆိုဒ် – ခန့်မှန်းထားသော စာရင်းသွင်းအပ်နှံမှု၊ ကျောင်းသားဝင်ဆံ့ထောက်ပံ့နိုင်စွမ်း အစရှိသည်တို့အပါအဝင် နောက်ထပ်သော နောက်ခံအကြောင်းအရာ ဒေတာများ

# ထပ်ဆောင်း အချက်အလက်

**ကျောင်းသား ဒေတာများ –**

- ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #2 သည် ရက် 20 (ဩဂုတ်လ 28 ရက်) စာရင်းသွင်းအပ်နှံမှု နှင့် ခန့်မှန်းချက်ကို အသုံးပြုမည် ဖြစ်သည်။
- ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အတွဲ #3 နှင့် နောက်ပိုင်းအတွဲများသည် တရားဝင် (အောက်တိုဘာလ 6 ရက်) စာရင်းသွင်းအပ်နှံမှု နှင့် ခန့်မှန်းချက်ကို အသုံးပြုမည် ဖြစ်သည်။

**သင်ကြားပို့ချနိုင်စွမ်းဆိုင်ရာ ဒေတာများ –**

- ဝန်ဆောင်ထောက်ပံ့နိုင်စွမ်း မော်ဒယ်အား တွက်ချက်သည့်အခါတွင် စာသင်ခန်း အရေအတွက်အပေါ် အခြေခံ၍ တွက်ချက်မည်ဖြစ်ပြီး၊ ၎င်းတွင် ရွှေ့ပြောင်းအခန်းများ **မပါဝင်ပေ**။
- ၎င်းမော်ဒယ်အား 2021 ကတည်းက အပြောင်းအလဲပြုလုပ်ထားခြင်း မရှိပေ၊ အဆောက်အအုံများ ထပ်မံပေါင်းထည့်ခြင်း သို့မဟုတ် ပြန်လည်တည်ဆောက်ခြင်း အစရှိသည်တို့ ဆောင်ရွက်သော အခြေအနေများမှလွဲ၍ ၎င်းကိန်းဂဏန်းများသည် ယခင် စီမံရေးဆွဲမှု လုပ်ငန်းစဉ်များနှင့် တစ်သမတ်တည်းအညီ ဖြစ်သည်။



# ကျေးဇူးတင်ပါသည်။